

# ဖခင်တစ်ဦး၏နှလုံးသားမှ ရင်ဖွင့်စကား

အဖေ့ကလေး

**အဖေ့ကို ကလေးမသိပေမယ့် . . .**

အဖေကတော့ ကလေးရဲ့ဘဝ တစ်ခုလုံးနဲ့ ကလေးရဲ့ဘဝ ဖြစ်ပျက်သမျှ အဖုံဖုံကိုသိတယ် (ဆာ၊ ၁၃၉း၁)၊ ကလေး ဘယ်မှာထိုင်တယ်၊ ဘယ်မှာရပ်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာကအစ အဖေသိတယ် (ဆာ၊ ၁၃၉း၂)၊ အဖေဟာကလေးကိုအရင်းနှီးဆုံး၊ အခင်မင်ဆုံးသူပါ (ဆာ၊ ၁၃၉း၃)၊ ကလေးရဲ့ခေါင်းမှာ ဆံပင်ဘယ်နှစ်ပင်ရှိတယ်၊ ဘယ်နှစ်ပင်ကျွတ်သွားတယ် ဆိုတာတောင် အဖေသိတယ်ကလေး (မ၊၁၀း၂၉-၃၁)၊ ကလေးကိုအဖေနဲ့တူအောင် တစ်ပုံစံတည်းလုပ်ခဲ့တာ (က၊ ၁း၂၇)၊ ဒါကြောင့်ကလေးရဲ့ဘဝမှာ အဖေမပါလို့မဖြစ်ဘူးနော်၊ ကလေးဟာအဖေ့ရဲ့ မျိုးဆက်လေ (တ၊ ၁၇း၂၈)၊ ကလေးကို မမွေးခင်ကတည်းက အဖေ ကလေးကိုသိနေပြီ (ယေရမိ၊ ၁း၄-၅)၊ အဖေ ဟော့ဒီလောကကြီးကို ဖန်ဆင်းဖို့ ပြင်ဆင်ကတည်းက ကလေးအတွက် စဉ်းစားပြီးသားပါ (ဧဖက်၊ ၁း၁၁-၁၂)၊ ကလေးဟာ မတော်တဆ လူ့လောကထဲရောက်လာရတာ မဟုတ်ဘူးနော် (ဆာ၊၁၃၉း၁၅-၁၆)၊ ကလေးရဲ့အကြောင်းကို အဖေ့ ဒိုင်ယာရီမှာ လုံးစေ့ပတ်စေ့ အားလုံးမှတ်ထားတယ် (ဆာ၊၁၃၉း၁၅-၁၆)၊ ကလေး ဘယ်နေ့မှာမွေးရမယ်၊ ဘယ်မှာ ကြီးပြင်းရမယ်ဆိုတာ အဖေကိုယ်တိုင် ဆုံးဖြတ်ပေးထားတာ (တ၊၁၇း၂၆)၊ ကလေးကို ထူးဆန်းပြီး အံ့ဩစရာကောင်းတဲ့ လက္ခဏာတွေနဲ့ အဖေပြုပြင်ခဲ့တာ (ဆာ၊ ၁၃၉း၁၄)၊ ကလေး အမေ့ဗိုက်ထဲမှာရှိကတည်းက ကလေးကို အဖေ ဂရုတစိုက်စောင့်ရှောက်ခဲ့တာပါ (ဆာ၊ ၁၃၉း၁၃)၊ ပြီးတော့ ကလေးမွေးဖွားမယ့် နေ့ရက်အထိ အဖေကိုယ်တိုင်ကြည့်ရှုစောင့်ရှောက်ခဲ့တယ်(ဆာ၊ ၇၁း၆)၊ အဖေ့ကို မသိနားမလည်သူတွေကြောင့် အဖေပြောပြချင်တာတွေ၊ လုပ်ပြချင်တာတွေ လုပ်ပြခွင့်၊ ပြောပြခွင့်မရခဲ့ဘူး (ယော၊ ၈း၄၁-၄၄)၊ အဖေ စိတ်မဆိုးပါဘူး၊ အဝေးကိုလည်း ထွက်မသွားခဲ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဖေ့ရဲ့ ချစ်ခြင်းမေတ္တာအတိုင်းအဆကို ကလေးသိအောင် ပြလိုက်ချင်လို့ပဲ (၁ယော၊ ၄း၁၆)၊ နောက်ပြီး အဖေ့ရဲ့ဆန္ဒတစ်ခုကတော့ ကလေးကို အဖေ့ရဲ့ ချစ်ခြင်းမေတ္တာတွေ ပုံအောပြီးပေးလိုက်ချင်တာပါ (၁ယော၊ ၃း၁)၊ ဘာကြောင့်လဲဆိုတာ အရိုးရှင်းဆုံးပြောရင် ကလေးဟာ အဖေ့ရဲ့ကလေး၊ အဖေဟာ ကလေးရဲ့အဖေဖြစ်လို့ပေါ့ (၁ယော၊ ၃း၁)၊ ကလေးရဲ့လောကအဖေ ပေးဆပ်တာတွေထက်၊ လုပ်ပေးနေတာတွေထက် အဖေဟာ ကလေးအတွက် ပိုပြီးပေးဆပ်ခဲ့တယ် လုပ်ပေးခဲ့တယ်ကလေး (မဿဲ၊၇း၁၁)၊ အဖေဟာ အဖက်ဖက်က လိုလေသေးမရှိ ပြီးပြည့်စုံတဲ့ ဖခင်တစ်ဦးပါ (မဿဲ၊ ၅း၄၈)၊ ကလေး ခံစားနေရတဲ့အကောင်းတကာ့ အကောင်းဆုံး ကောင်းကြီးမင်္ဂလာတွေဟာ အဖေ့လက်ထဲက စီးဆင်းသွားတာပါ (ယာကုပ်၊၁း၁၇)၊ ကလေးရဲ့ လိုအပ်မှုမှန်သမျှ ပြီးပြည့်စုံဖို့၊ ရရှိခံစားဖို့ အဖေကပဲ စီစဉ်ပေးနေတာပါ (မဿဲ၊ ၆း၃၁-၃၃)၊ ကလေးရဲ့အနာဂတ် အတွက် အဖေ့အစီအစဉ်တွေမှာ မျှော်လင့်ချက်တွေ အများကြီးပါတယ်နော် (ယေရမိ၊ ၂၉း၁၁)၊ ကလေးကိုချစ်တဲ့ အဖေ့ရဲ့ ချစ်ခြင်းဟာ ထာဝရချစ်ခြင်းမို့ပါ (ယေရမိ၊ ၃၁း၃) . . .

ကလေးအတွက် အဖေရဲ့အကြံအစည်တွေနဲ့ ရည်မှန်းချက်တွေဟာ ပင်လယ်ကမ်းစပ်ကသဲပွင့်လေးတွေလို ရေတွက်လို့တောင် မရနိုင်ပါဘူးကွယ် (ဆာ၊ ၁၃၉း၁၇–၁၈)၊ အဖေ ကလေးကို ကြည့်ကြည့်ပြီး ဝမ်းသာလွန်းလို့ ချီးမွမ်းသီချင်းတွေ သီဆိုနေမိတယ် (ဇေဖနိ၊ ၃း၁၇)၊ ကလေးအပေါ်မှာထားတဲ့ အဖေရဲ့စေတနာ မေတ္တာတွေဟာ ဘယ်တော့မှ ရပ်တန့်သွားမှာမဟုတ်ဘူး (ယေရမိ၊ ၃၂း၄၀) ဘာကြောင့်လဲဆိုတော့ ကလေးဟာ အဖေပိုင်တဲ့တစ်ခု တည်းသော ရတနာမို့ပါ (ထွက်၊ ၁၉း၅)၊ အဖေ့ရဲ့ ကိုယ်စိတ်နှလုံး သုံးပါးစလုံးနဲ့ ကလေးကိုကြည့်ရှုစောင့်ရှောက် ချင်တယ် (ယေရမိ၊ ၃၂း၄၁)၊ ကလေးကို လျှို့ဝှက်နက်နဲပြီး အံ့သြစရာကောင်းတဲ့ အမှုအရာတွေအကြောင်းလည်း ပြောပြချင်သေးတယ် (ယေရမိ၊ ၃၃း၃)၊ ကလေးအဖေ့ကို သိပ်တွေ့ချင်လွန်းတဲ့ဆန္ဒရှိရင် အဲ့ဒီဇောကြောင့် ကလေး အဖေ့ကို တွေ့ခွင့်ရလိမ့်မယ် (တရားဟော၊ ၄း၂၉)၊ ကလေးရဲ့ စိတ်နှလုံးအလိုဆန္ဒ ပြည့်ချင်တယ်ဆိုရင် အဖေနဲ့ တရင်းတနှီးနေမှ ရမယ်နော် (ဆာ၊ ၃၇း၄)၊ ကလေးရဲ့ လိုအင်ဆန္ဒအားလုံးကို ပြည့်စုံစေတာ အဖေပါ (ဖိ၊ ၂း၁၃)၊ ကလေး အဖေ့အပေါ်မှာ မျှော်လင့်ထားတာထက်၊ တွေးထင်ထားတာထက်ပိုပြီး အဖေပေးနိုင်တယ်၊ လုပ်နိုင်တယ် (ဧ၊၃း၂၀)၊ ပြီးတော့ ကလေးကို နှစ်သိမ့်အားပေး နေတဲ့သူတွေထဲမှာ အဖေဟာ ထိပ်ဆုံးကပါ (၂သက်၊၂း၁၆–၁၇)၊ ပြီးတော့ ကလေး ဒုက္ခပင်လယ်ဝေနေတဲ့ အချိန်တွေမှာ နှစ်သိမ့် အားပေးခဲ့သူလည်း အဖေပါပဲ (၂ကော၊ ၁း၃–၄)၊ ကလေး နှလုံးကြေကွဲ ဝမ်းနည်းနေတဲ့အချိန်တွေမှာ အဖေ မင်းအနားမှာရှိနေပါတယ် (ဆာ၊ ၃၄း၁၈)၊ သိုးထိန်းက သိုးတွေကိုချီပွေ့သလို အဖေလည်း ကလေးကိုအဖေ့နှလုံးသားနဲ့အနီးဆုံးနေရာထိပွေ့ချီခဲ့ပါပြီ (ဟေရှာယ၊ ၄၀း၁၁)၊ အနာဂတ်မှာ ကလေးရဲ့မျက်ရည်တွေကို အဖေသုတ်ပေးပါ့မယ် (ဗျာ၊ ၂၁း၃–၄)၊ ဟော့ဒီလောကကြီးထဲမှာ ကလေး ကြုံတွေ့ရတဲ့ နာကျင်မှု၊ ကြေကွဲခံစားမှု အားလုံးကို အဖေ ဖယ်ရှားရှင်းလင်း ပေးပါ့မယ် (ဗျာ၊ ၂၁း၄)၊ အဖေ ကလေးကိုချစ်တဲ့အချစ်က အဖေ့ရဲ့တစ်ဦးတည်းသောသား ယေရှုကိုချစ်တဲ့အချစ်နဲ့ အတူတူပါပဲကွယ် (ယော၊ ၁၇း၂၃)၊ အဖေ ကလေးကို ဘယ်လောက်ထိ ချစ်သလဲဆိုတာ အဖေ့ရဲ့သား ယေရှုခရစ်က သက်သေပါပဲ (ယော၊ ၁၇း၂၆)၊ ယေရှုခရစ်ဟာ အဖေ့ကို ကိုယ်စားပြုပါတယ် (ဟေဗြဲ၊ ၁း၃)၊ ယေရှုခရစ်တော် လောကကြီးကို ကြွလာတယ်ဆိုတာ ကလေးကို အဖေချစ်ကြောင်း၊ ကလေးဟာ အဖေ့အတွက် အရေးကြီးတဲ့သူဖြစ်တဲ့အကြောင်း၊ ကလေးရဲ့အပြစ်တွေ အဖေ မှတ်မထားတဲ့အကြောင်း ပြောပြဖို့ လာခဲ့တာပဲ (ရော၊ ၈း၃၁၊ ၂ကော၊၅း၁၈–၁၉)၊ ယေရှုခရစ်တော် အသေခံ ပေးလို့ အဖေနဲ့ ကလေးရဲ့ကြား ရန်ငြိမ်းသွားခဲ့တာပေါ့ (၂ကော၊ ၅း၁၈–၁၉)၊ ယေရှုခရစ်တော် အသေခံခြင်းဟာ အဖေ ကလေးကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ ဖော်ပြလိုက်တာပဲ (၁ယော၊ ၄း၁၀)၊ ကလေး အဖေ့ကို ချစ်လာဖို့ အဖေချစ်တဲ့ အရာမှန်သမျှ အဖေ စွန့်လွှတ်ခဲ့တယ်နော် (ရောမ၊ ၈း၃၂)၊ အဖေပေးတဲ့ လက်ဆောင် ယေရှုခရစ်တော်ကို ကလေးလက်ခံရင် အဖေ့ကိုလက်ခံတာနဲ့အတူတူပဲ (၁ယော၊၂း၂၃)၊ ပြီးတော့ ဘယ်အရာကမှ ကလေးနဲ့အဖေ့ရဲ့ ချစ်ခြင်းကို လျော့သွားအောင်၊ ကင်းကွာသွားအောင် လုပ်နိုင်မှာ မဟုတ်တော့ဘူး (ရော၊ ၈၊၃၈–၃၉)၊ ကလေးအိမ်ကိုပြန်လာလှည့်ပါ၊ အဖေ ကလေးအတွက် ကောင်းကင်အိမ်တော်မှာ ကြီးကျယ်ခမ်းနားတဲ့ပွဲလုပ်ပေး မယ် (လု၊ ၁၅း၇)၊ အဖေဟာ အဖေကောင်းတစ်ယောက်ဖြစ်ခဲ့တယ်၊ ထာဝရကာလအထိ အဖေတစ်ယောက် အနေနဲ့ ရပ်တည်ပေးသွားဦးမယ် (ဧဖက်၊ ၃း၁၄–၁၅)၊ အဖေ မေးချင်တာ တစ်ခုပဲရှိတယ်၊ အဖေရဲ့ကလေးအဖြစ် ခံယူနိုင်မလားလို့ပါ (ယော၊ ၁း၁၂–၁၃)၊ အဖေ ကလေးရဲ့အဖြေကို စောင့်နေပါ့မယ် (လု၊ ၁၅း၁၁–၃၂)။

ချစ်တဲ့ သားရဲ့ဖေဖေ ထာဝရဘုရားသခင်

Used by permission Father Heart Communications Copyright 1999
www.fathersloveletter.com